**Drug Policy**
**Advocacy Group**
# Myanmar

GLOBAL COMMISSION ON DRUG POLICY

**သတင်းထုတ်ပြန်ချက်**

## လူ့အခွင့်အရေး အခြေခံ၍ ကျန်းမာရေးကို ဗဟိုပြုသော မူးယစ်ဆေးဝါးရေးရာ မူဝါဒအခင်းအကျင်းသို့ ဦးတည် ချဉ်းကပ်လာသည့် မြန်မာနိုင်ငံ

**ဧပြီလ ၈ ရက်နေ့အထိ ထုတ်ပြန်မှုမပြုရန် မေတ္တာရပ်ခံအပ်ပါသည်။**

*(ရန်ကုန်၊ ၂၀၁၇ ခုနှစ် ဧပြီလ ၈ ရက်နေ့)*

မူးယစ်ဆေးဝါးရေးရာ မူဝါဒပြောင်းလဲရေး ထောက်ခံဆွေးနွေးမှုအဖွဲ့-မြန်မာ(DPAG) နှင့် ကမ္ဘာ့ မူးယစ်ဆေးဝါးမူဝါဒရေးရာကော်မရှင်(Global Commission on Drug Policy) တို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် အလွန်အရေးကြီးသည့် လူထုအခမ်းအနားတစ်ရပ်ကို စီစဉ်ကျင်းပသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ဤကဲ့သို့သော အခမ်းအနားမျိုးကို ပထမဦးဆုံးအကြိမ် စီစဉ်ကျင်းပခြင်းဖြစ်သောကြောင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ NGO များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ဘိန်းစိုက်တောင်သူ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ အစိုးရအရာရှိများနှင့် မီဒီယာမှ ပရိသတ်ပေါင်းစုံ စုဝေးတွေ့ဆုံကြမည့် အခမ်းအနားတစ်ရပ်ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံ၏ သမ္မတဟောင်းဖြစ်ပြီး ကမ္ဘာ့မူးယစ်ဆေးဝါးမူဝါဒရေးရာကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် မဒမ် Ruth Dreifuss သည် ဧည့်သည်တော်အဖြစ် အခြား အထင်ကရရှိသည့် နိုင်ငံတွင်းပုဂ္ဂိုလ်များ နှင့်အတူ ဝိုင်းဝန်းသုံးသပ် ဆွေးနွေးသွားမည်ဖြစ်သည်။ ကော်မရှင်ဥက္ကဋ္ဌအနေဖြင့် နှိပ်ကွပ်ပြစ်ဒဏ်ပေးသည့် မူးယစ်ဆေးဝါးရေးရာ မူဝါဒများ၏ အဖျက်အမှောင့်ကြီးမားသည့် နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးများကို အသေးစိတ် ရှင်းလင်းတင်ပြထားသည့် *"မူးယစ်ဆေးဝါးရေးရာမူဝါဒ ပြုပြင်ပြောင်းလဲရေးကို အရှိန်မြှင့်ဖော်ဆောင်ခြင်း" ဟူသည့် အစီရင်ခံစာတွင်ပါသော ပြစ်မှုကြောင်းအရ အရေးမယူဘဲ ဖြေလျှော့ပေးသည့် ချဉ်းကပ်မှုပုံစံသစ်ကို* ရှင်းလင်းတင်ဆက် သွားမည်ဖြစ်သည်။

လွန်ခဲ့သည့်လအတွင်း မြန်မာနိုင်ငံ၏ "မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါး များဆိုင်ရာဥပဒေ"ကို ပြင်ဆင်မည့် အဆိုပြုချက်မူကြမ်းနှင့် ပတ်သက်၍ အများပြည်သူ၏ အမြင်သဘောထားများကို ကြားနာရန် လူထုဆွေးနွေးတိုင်ပင်ခြင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းစာ၌ ထုတ်ပြန်ကြေညာခဲ့သည်။ ဥပဒေမူကြမ်းအရ မူးယစ်ဆေးဝါးသုံးစွဲသူများကို နစ်ရှည်ထောင်ဒဏ်များဖြင့် ပြစ်ဒဏ်ပေးအရေးယူတော့မည် မဟုတ်ဘဲ ယင်းအစား ဆေးဝါးကုသမှုခံယူစေ၍ ပြန်လည်ထူထောင် ပေးသွားမည်ဖြစ်သည်။

၎င်းအခမ်းအနား ဖြစ်မြောက်စေရန် ပူးတွဲစီစဉ်သူတစ်ဦးဖြစ်ပြီး လွန်ခဲ့သည့် ဖေဖော်ဝါရီလအတွင်း *"မြန်မာနိုင်ငံရှိ မူးယစ်ဆေးဝါးပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်း - အပြောင်းအလဲ ပြုလုပ်ရန် အရေးယူဆောင်ရွက်နိုင်သည့် အခိကနယ်ပယ်ကဏ္ဍငါးခု"* ကို ရှင်းလင်း တင်ပြထားသော အစီရင်ခံစာကို စီစဉ်ထုတ်ဝေခဲ့သည့် မူးယစ်ဆေးဝါးရေးရာ မူဝါဒပြောင်းလဲရေး ထောက်ခံဆွေးနွေးမှုအဖွဲ့-မြန်မာ(DPAG)၏ ညှိနှိုင်းရေးတာဝန်ခံဖြစ်သူ ဒေါက်တာ နန်းပန်းအိခမ်းကလည်း နိုင်ငံတွင် လက်ရှိကျင့်သုံးနေသော ဖိနှိပ်ချုပ်ခြယ်သည့် မူးယစ်ဆေးဝါးမူဝါဒများနေရာ၌ လူ့အခွင့်အရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် အခြေပြုထားသည့် မူးယစ်ဆေးဝါးရေးရာ မူဝါဒများ အစားထိုး နေရာယူလာမည်ဟု မျှော်လင့်ကြောင်း ၎င်းသို့ထုတ်ဖော်ပြောဆိုထားသည်။

"ကျမတို့အနေနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုကို ပြစ်မှုကြောင်းအရ အရေးယူပြစ်ဒဏ်ပေးတာကို အဆုံး သတ်ဖို့ ရည်ရွယ်တဲ့အစိုးရရဲ့ ဦးတည်ချက်ကို လှိုက်လှိုက်လှဲလှဲကြိုဆိုထောက်ခံပါတယ်။ ဒါက အရမ်းကို အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ပါပဲ။ ဒါပေမယ့် အောင်မြင်ဖို့ဆိုရင်တော့ မူးယစ်ဆေးဝါးသုံးစွဲ သူတွေကို အကူအညီပေးဖို့ရည်ရွယ်တဲ့ ကျန်းမာရေးနဲ့ လူမှုရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက် တွေအားလုံး စစ်မှန်ပြီး အထောက်အထားပေါ်အခြေပြုတဲ့ မိမိဆန္ဒအလျောက် ကုသမှုခံယူ တာမျိုးဖြစ်ဖို့လည်း အလားတူအရေးကြီးပါတယ်။ အတင်းအကျပ်ဆေးဝါးကုသမှုခံယူစေပြီး ပြန် လည်ထူထောင်ပေးတဲ့ နည်းလမ်းကို အရှေ့တောင်အာရှဒေသမှာ တွင်တွင်ကျယ်ကျယ် အသုံးပြု နေကြပေမယ့် တကယ်တမ်းအခြေခံကျကျကြည့်မယ်ဆိုရင် ပြည်သူ့ကျန်းမာရေးနဲ့ အပ်စပ်မှုမရှိဘဲ ဆန့်ကျင်ကွဲလွဲနေတာကို တွေ့မြင်ရပါလိမ့်မယ်။"

မဒမ် Ruth Dreifuss ကလည်း "လူ့အခွင့်အရေးကို လေးစားလိုက်နာတဲ့ မူးယစ်ဆေးဝါးမူဝါဒပြောင်းလဲရေးကို ဖော်ဆောင်ခြင်းအားဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းနေတဲ့ မြန်မာနိုင်ငံအတွက် များစွာ အထောက်အကူပြုပါလိမ့်မယ်။ ပြည်သူ့ကျန်းမာရေးကို အကြောင်းပြုပြီးတော့ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်နဲ့ ပြစ်ဒဏ်ပေး အရေးယူရာကနေ လူတွေကို အတင်းအကျပ်ဆေးဖြတ်ပေးတဲ့ နောက်ထပ် နှိပ်ကွပ်မှုပုံစံသစ်ဆီကို ကူးပြောင်းသွားရုံဆိုရင်တော့ နိုင်ငံအတွက် အခွင့်အလမ်းကောင်း တစ်ရပ်ကို လက်လွှတ်ဆုံးရှုံးသွားရပါလိမ့်မယ်"ဟု ၎င်း၏ အမြင်ကို ဖြည့်စွက်ပြောဆိုခဲ့သည်။

အခမ်းအနား၌ အထက်တွင်ဖော်ပြခဲ့သည့် အစီရင်ခံစာနှစ်ခုစလုံးကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ ဖြင့် ရရှိနိုင်ပါသည်။

မဒမ် Ruth Dreifuss က "ဒီခရီးစဉ်အတွင်းမှာ ကျမနဲ့ ကမ္ဘာ့ကော်မရှင်က လုပ်ဖော်ကိုင်ဖက်တွေရဲ့ အတွေ့အကြုံတွေကို မျှဝေပေးခွင့်ရတာဟာ လက်ရှိမြန်မာနိုင်ငံရဲ့ လိုအပ်ချက်တွေနဲ့ ထူးကဲသော ရေခံမြေခံဝန်းကျင်နဲ့ လျော်ကန်သင့်မြတ်တဲ့ မူးယစ်ဆေးဝါးရေးရာ မူဝါဒတွေကို ရေးဆွဲပြင်ဆင်ဖို့ ဆွေးနွေးအဖြေရှာကြတဲ့နေရာမှာ အထောက်အကူဖြစ်မယ်လို့ မျှော်လင့်မိပါတယ်"ဟု ပြောဆိုခဲ့သည်။

**ပြစ်မှုကြောင်းအရေ အရေးမယူဘဲ ဖြေလျှော့ပေးခြင်းနှင့် ပတ်သက်သည့် ကမ္ဘာ့မူးယစ်ဆေးဝါးမူဝါဒရေးရာကော်မရှင်၏ ၂၀၁၆ အစီရင်ခံစာကို အောက်ပါလင့်ခ်တွင် ဘာသာစကား ကိုးမျိုးဖြင့် ရယူနိုင်ပါသည်။**

http://www.globalcommissionondrugs.org/reports/advancing-drug-policy-reform/

**မူးယစ်ဆေးဝါးရေးရာ မူဝါဒပြောင်းလဲရေး ထောက်ခံဆွေးနွေးမှုအဖွဲ့၏ *မြန်မာနိုင်ငံရှိ မူးယစ်ဆေးဝါးပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းဟူသည့် အစီရင်ခံစာကို အောက်ပါလင့်ခ်တွင် ရယူနိုင်ပါသည်။***

https://www.tni.org/en/publication/addressing-drug-problems-in-myanmar

- ပြီး -

**သတင်းအချက်အလက်များ ထပ်မံရရှိလိုပါက -**
နန်းပန်းအိခမ်း
ညှိနှိုင်းရေးတာဝန်ခံ – Drug Policy Advocacy Group - Myanmar
+95 (0)9 799 852 080
coord.dpag@gmail.com

Eric Grant
ဆက်သွယ်ပြန်ကြားရေးတာဝန်ခံအရာရှိ – Global Commission on Drug Policy
+41 79 124 1523
eric.grant@globalcommissionondrugs.org

## သတင်းထုတ်ပြန်မှုအတွက် မှတ်စုအကျဉ်း

မူးယစ်ဆေးဝါးရေးရာ မူဝါဒပြောင်းလဲရေး ထောက်ခံဆွေးနွေးမှုအဖွဲ့ - မြန်မာ (DPAG) သည် မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒများနှင့် အလေ့အထများအပေါ် စိတ်ဝင်စားမှုရှိသည့် အကျိုးသက်ဆိုင်သူပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ဆွေးနွေးအဖြေရှာရေး စကြ်န်တစ်ခုဖြစ်သည်။ အဖွဲ့ဝင်များအဖြစ် မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ဘိန်းစိုက်တောင်သူအသိုက်အဝန်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအခြေစိုက် NGO များ ပါဝင်လျက်ရှိပြီး ၎င်းတို့မှာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲသူများကွန်ရက်(NDNM)၊ မြန်မာနိုင်ငံဘိန်းစိုက်တောင်သူများညီလာခံ(MOFF)၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)၊ Médecins du Monde (MdM), Save the Children, Population Services International (PSI), HIV/AIDS Alliance and Transnational Institute (TNI) တို့ဖြစ်ကြသည်။

Facebook: https://www.facebook.com/Drug-Policy-Advocacy-Group-Myanmar-995656970513733/

ကမ္ဘာ့မူးယစ်ဆေးဝါးမူဝါဒရေးရာကော်မရှင်ကို ၂၀၁၁ ခုနှစ်အတွင်း ဩဇာတိက္ကမကြီးမားသည့် နိုင်ငံရေးခေါင်းဆောင်များ၊ ယဉ်ကျေးမှုခေါင်းဆောင်များ၊ ငွေကြေးနှင့် စီးပွားရေးနယ်ပယ်များရှိ ထင်ရှားကျော်ကြားသည့် အထင်ကရပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိကော်မရှင်အဖွဲ့ဝင် ၂၄ ဦးရှိရာ၌ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်းတစ်ဦးနှင့် နိုင်ငံ့အကြီးအကဲတာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ခေါင်းဆောင်ဟောင်း ၁၀ ဦးပါဝင်လျက်ရှိသည်။ ကမ္ဘာ့မူးယစ်ဆေးဝါးရေးရာကော်မရှင်၏ ရည်ရွယ်ချက်သည် မူးယစ်ဆေးဝါး၏ လူတစ်ဦးချင်းစီနှင့် လူ့ဘောင်အသိုက်အဝန်းများအပေါ် သက်ရောက်လျက်ရှိသည့် ဘေးအန္တရာယ်များကို လျှော့ချရန် လူသားဆန်၍ ထိရောက်သည့် နည်းလမ်းများကို သိပ္ပံနည်းကျဆွေးနွေးအဖြေရှာ၍ နိုင်ငံတကာအဆင့်၌ အသိပေးပြန်ကြားရန်ဖြစ်သည်။

www.globalcommissionondrugs.org

Twitter: @globalcdp

Facebook: www.facebook.com/globalcommissionondrugs